# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီအား တွေ့ဆုံ

နေပြည်တော်- ဇူလိုင်လ ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I-13) ရှိ ကျန်းမာရေးနှင့်အားကစားဆိုင်ရာ ကော်မတီဝင် များအား သွားရောက်တွေ့ဆုံခဲ့သည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း က ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစီအမံများအားရှင်းလင်းခြင်း၊ ကော်မတီဝင်များက တစ်ဦးချင်းဆွေးနွေးတင်ပြခြင်းများပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ က ကိုယ်စားလှယ်များအနေဖြင့် အစိုးရ၏ဆောင်ရွက်ချက်များကို ပိုမိုသိရှိစေရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကော်မတီ၏လုပ်ငန်း တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်မှန်းချက်အောင်မြင်ရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍမြှင့်တင်နိုင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်များ တက်ကြွလာစေရေး အတွက် ပြန်ကြားရေး၊ မီဒီယာ၊ ဖျော်ဖြေရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းပြောကြားသည်။

ငင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့်အားကစားဆိုင်ရာ ကော်မတီအနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော အခြေအနေများအပေါ် သုံးသပ်ပြီး ကျန်းမာရေးနှင့်အားကစားကဏ္ဍမြင့်မားတိုးတက်စေရေး အဖြေရှာ၍ လွှတ်တော်အနေဖြင့် အရွေ့တစ်ခုရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းထားသော ဥပဒေများကိုလေ့လာပါက ကဏ္ဍတစ်ခုချင်းအလိုက်ရှိကြသော်လည်း အားလုံးပြည့်စုံစွာ လွှမ်းခြုံနိုင်သောပြဋ္ဌာန်းချက်များ လိုအပ်နေသေးသည်ကိုတွေ့ရှိရ ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် စိစစ်ရမည့်ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ရုပ်သိမ်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရေး အသေးစိတ်လေ့လာကြစေလိုပါကြောင်း၊ ထို့အပြင် ပြည်သူများကျန်းမာကြံ့ခိုင်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သူ များဖြစ်လာအောင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အသင်း၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ အသိအမှတ်ပြု လက်မှတ်ရရှိပြီး ပြည်တွင်း တွင် နေထိုင်နေကြသည့် ဆေးဘက်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ပတ်သက်၍လည်း နိုင်ငံအတွက်လူသားအရင်းအမြစ်ဆိုင်ရာရှုထောင့်မှသုံးသပ်ပြီး (National Accreditation System) ကဲ့သို့ ပညာရေးအသိအမှတ်ပြုခြင်းဆိုင်ရာ ပေါင်းကူး စနစ်များကိုလည်း လေ့လာသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် မဟာ ဗျူဟာဖွံ့ဖြိုးတိုးတက်ရေး (၅) နှစ်စီမံကိန်းမူကြမ်းရေးဆွဲပြီးဖြစ်၍ ကော်မတီများ၏ လုပ်ဆောင်ချက်များကိုလည်း အဆိုပါစီမံကိန်းတွင်ထည့်သွင်း၍ နှိုင်းယှဉ်သုံးသပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့်သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အခြားဆက်စပ်သောဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး၍ ကျန်းမာရေးနှင့်အားကစားကဏ္ဍ

ဖွံ့ဖြိုးတိုးတက်စေရေး ကျယ်ပြန့်စွာ စဉ်းစားဆောင်ရွက် ကြစေလိုပါကြောင်း၊ ကျန်းမာရေးစင်တာများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် အားကစားဌာနများကိုလည်း သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်၍ ကွင်းဆင်းကြည့်ရှုကာ လိုအပ်ချက်များကို တင်ပြနိုင်ရန် ဆောင်ရွက်စေလို ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ အရေးကြီးဆုံးအနေဖြင့် Universal Health Coverage (UHC) ကဲ့သို့သော လူတိုင်းအကျုံးဝင်သော ကျန်းမာရေး စောင့်ရှောက်မှု စနစ်အဆင့် ရောက်ရှိအောင်ဆောင်ရွက်ရန် နိုင်ငံတော်မှ ကြိုးစား ဆောင်ရွက် နေပြီဖြစ်၍ ပထမအဆင့်အနေဖြင့် Primary Health Care First စနစ်ကဲ့သို့သော အခြေခံကျပြီး မရှိမဖြစ်လိုအပ်သော အခြေခံကျန်းမာရေး ဝန်ဆောင်မှုများရရှိအောင် ဆောင်ရွက်နေသည့်နည်းလမ်းများအား လေ့လာရှာဖွေဖော်ထုတ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ ကူညီအကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အလှမ်းဝေးသောဒေသများတွင် Mobile Clinic, Telemedicine, Teleconsultation စနစ်များ လုပ်ဆောင်ရန်လည်း ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ ဆေးဝါးအတုများ၊ အရည်အသွေးမပြည့်မီသော ဆေးဝါးနှင့်အစားအစာများ ကာကွယ် ထိန်းချုပ်ရေးနည်းလမ်းများအားဖော်ထုတ်ပြီး ဥပဒေပြုခြင်း၊ FDA ခိုင်မာ အားကောင်း စေရေးအတွက် FDA ဥပဒေအား ပြင်ဆင်ဆောင်ရွက်နိုင်ရေး လေ့လာသုံးသပ် သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍လည်း တိုင်းရင်းဆေးဝါး ဥပဒေများကို ပြန်လည်လေ့လာသုံးသပ်၍ အရည်အသွေးမြင့်သော တိုင်းရင်းဆေးများ ထွက်ပေါ်လာရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးပိုင်းဆိုင်ရာ စံချိန်စံညွှန်း

များကိုလည်း လူထုအကြားကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများမှ တစ်ဆင့် နိုင်ငံအတွက်အားထားရသည့် အားကစားသမားကောင်းများဖြစ်ပေါ်လာရေး ဝိုင်းဝန်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အားကစားကဏ္ဍမြင့်မားရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေများကို လည်း ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ကျန်းမာရေးနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း၍ ဖြစ်နိုင် သမျှနည်းလမ်းများအား ရှာဖွေဖော်ထုတ်ပေးခြင်း၊ ဥပဒေပြု ပေးခြင်းဖြင့် လွှတ်တော်သည် နိုင်ငံအတွက် ကြီးစွာသောအထောက်အပံ့တစ်ခု ဖြစ်လာစေရန်အတွက် လွှတ်တော် သက်တမ်း (၅)နှစ် အတွင်း အကျိုးပြုသည့် ထူးခြားသော လွှတ်တော်တစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မတီများ အနေဖြင့် မိမိတို့လွှတ်တော်ကဏ္ဍမြင့်မား တိုးတက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက် ပေးကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး(၃၀)ရက်မြောက်နေ့သို့လာရောက်လေ့လာသည့်စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့နယ်မှ ဧည့်သည်များအား ယနေ့ နေ့လယ်ပိုင်းတွင် ပြည်သူ့လွှတ်တော် ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး လွှတ်တော်များ၏ ဖွဲ့စည်းထားရှိမှုနှင့်လုပ်ငန်း တာဝန်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**